ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

29.4.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၂၁) ဦး	စုံစမ်းဆဲ

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

မကွေးတိုင်း

ဧပြီလ(၂၈)ရက်နေ့မနက်(၇:၃၈)နာရီမှ (၈:၀၅)နာရီထိ ဆောမြို့နယ်၊ ကျောက်ထုဒေသ၊ အနိမ့်ကျေးရွာမှ ထွက်လာသော ကျောက်ထုအမြောက်တပ် (၃၆၈)မှ ရန်သူ့အင်အား (၅၀) ဦးခန့်ကို ယောချောင်းဘေးသို့ ရောက်စဉ် ပြည်သူ့ကာကွယ်ရေးတပ်မတော်(ဂန့်ဂေါခရိုင်) တပ်ရင်းအမှတ် (၂၊ ၄၊ ၅၊ ၈၊ ၉၊ ၁၀၊ ၁၃) နှင့် ဆော PDF – YRPA တို့မှ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရန်သူ့တပ်ဖွဲ့ဝင် (၂)ဦး နေရာ၌ပင် သေဆုံးခဲ့ပြီး (၇)ဦး ပြင်းထန်ဒဏ်ရာရ (စိုးရိမ်ရ) နှင့် PDF တပ်ဖွဲ့ဝင်များ အထိအခိုက်အကျအဆုံးမရှိ ဆုတ်ခွာနိုင်ခဲ့သည်။

ပဲခူးတိုင်း

ဧပြီလ(၂၈)ရက်နေ့ညနေ(၄)နာရီခန့်တွင် အုတ်ဖိုမြို့နယ်၊ထန်းပင်ကုန်းရွာမှ ရန်သူ့တပ်၏ ပျူစောထီး ခေါင်းဆောင် မျိုးဝင်း၏ နေအိမ်ကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) သာယာဝတီခရိုင် PDF တပ်ရင်း ၃၈၀၁၊ တပ်ခွဲ(၅) Hero ပြောက်ကျားတပ်ဖွဲ့က ရှောင်တခင် ဝင်ရောက်တိုက်ခိုက်ရာ ပျူစောထီးခေါင်းဆောင် မျိုးဝင်း၏ ပေါင်ကို သေနတ်ကျည်ထိမှန်၍ ပြင်းထန်ဒဏ်ရာ ရရှိသွားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

ကချင်ပြည်နယ်

ဧပြီလ(၂၈)ရက်နေ့မနက်(၅)နာရီခန့်တွင် ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စုမှ ပြည်သူပိုင် နေအိမ် (၂)လုံးကို ရဲတပ်ရင်း (၃၀) နှင့် ဖားကန့် ဗျူဟာကုန်းမှ ရန်သူ့တပ်ဖွဲ့ဝင်များက PDF များ နေထိုင်သည်ဟု သတင်းရရှိသည့်အတွက် လာရောက်ဖမ်းဆီးစဉ် လူမတွေ့သဖြင့် နေအိမ် (၁)လုံးကို မီးရှို့ခဲ့ပြီး (၁)လုံးကို ဖျက်ဆီးခဲ့သည်။ နေအိမ်များအတွင်းမှ ငွေကြေးနှင့် ပစ္စည်းများအပြင် ဆိုင်ကယ် (၆)စီးနှင့် ကား (၂)စီးကို ယူဆောင်သွားကြောင်း သိရသည်။

ရန်ကုန်တိုင်း

ဧပြီလ(၂၈)ရက်နေ့ည(၁၁း၅၀)နာရီခန့်တွင် မရမ်းကုန်းမြို့နယ်၊(၂)ရပ်ကွက်၊ မာလာလမ်းထဲသို့ ရန်သူ့တပ်၏ DC ၁ စီး နှင့်ရန်သူ့တပ်ဖွဲ့ဝင်များ၊ ရဲများနှင့် အရပ်ဝတ်များက ဧည့်စာရင်း ဝင်ရောက် စစ်ဆေး ခဲ့ကာ ပြည်သူ (၇)ဦးခန့်ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။